မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

August 4 , 2023 | Volume 69, Number 3

၄.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၆.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၄၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၁.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်မှ ၂၈ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ Aluminium Ingot၊ ဆန်၊ ကြိမ်၊ ပြောင်းနှင့် ဆန်ကွဲများတင်ပို့ခဲ့ပြီး၊ ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၆၁၂၂၁၃.၇၂၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၇၀၉၉၈၀.၈၈၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၉၇၇၆၇.၁၆ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်မှ ၂၈ ရက်နေ့အတွင်း ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ ဓါတုဗေဒချည်ခင်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ပလပ်စတစ်ပိုက်၊ ကားတာယာ၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏ တန်ဖိုးမှာ ၈၅၁၇၅၀.၈၇၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက်နေ့ထိ တင်သွင်းကုန်၏ငွေပမာဏတန်ဖိုး ၁၂၆၇၅၇၄.၆၅၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၄၁၅၈၂၃.၇၈၀ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၂၃၉၅၃၇.၁၅၀ ကန်ဒေါ်လာတန်ဖိုးလျော့နည်းပြီး ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၁ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၃.၂၅ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source: မနေ့သမြေ**

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၄-၇-၂၀၂၃ မှ ၂၈-၇-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ

FAQ/RC  (2023 Crop) ကျပ် ၂၂၄၆၀၀၀ ၊ မတ်ပဲ SQ/RC  (2023 Crop) ကျပ် ၂၄၆၁၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၂၈၇၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၅၀၀၀၀ နှင့် မတ်ပဲ SQ/RC  (2023 Crop) ကျပ် ၄၄၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၂၅၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၄၅ လုံး ( တန်ချိန် ၁၀၈၀) နှင့် မတ်ပဲ SQ/RC( 2023 Crop) ကွန်တိန်နာ ၅လုံး ( တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၆၀ လုံး ( တန်ချိန် ၁၄၄၀) နှင့် မတ်ပဲ SQ/RC( 2023 Crop) ကွန်တိန်နာ ၅လုံး ( တန်ချိန် ၁၂၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၂၀၀၀၊ မြွားနီ ကျပ် ၁၂၀၀၀၊ အိမ်မဲ ကျပ် ၁၁၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးဈေးများ ငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၂၂၀၀ (၄၄၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၃၅၀ (၅၂၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၇၀၀ (၃၄၀၀၀ ပိဿာ)  နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀(၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၅၀၀ (၁၀၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၂၅၀ (၃၇၅၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၃၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၃၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး အသား (သစ်) ကျပ် ၃၀၀  ဈေးကျဆင်းခဲ့ကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၃၄၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၃၃၅၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၃၆၀၀၊ ကြံသကာ(စစ်)ကျပ် ၂၅၀၀ နှင့် သကြား(ပြည်တွင်း)ကျပ် ၃၃၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒိုး) ကျပ် ၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၅၀ နှင့် ရေစကြိုထန်းလျက်(ချော)ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**Source: SWT (Domestic (Ygn) MITC**

## ဓာတ်မြေဩဇာများ ဈေးသက်သာစွာ ရောင်းပေးမည်




ရခိုင်ပြည်နယ်အတွင်းက မှန်တိုင်းသင့်တောင်သူတွေအတွက် ဓာတ်မြေဩဇာတွေကို ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမယ်လို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ သိရပါတယ်။ ရောင်းချပေးမယ့် ဓာတ်မြေဩဇာတွေကတော့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့က ထုတ်လုပ်တဲ့ ယူရီးယားဓာတ်မြေဩဇာတွေဖြစ်ပြီး တန်ချိန် ငါးထောင်ကျော် ရောင်းချပေးသွားမှာပါ။

ဓာတ်မြေဩဇာအိတ်တွေကို တောင်သူတွေဆီ အချိန်မီရောက်ရှိနိုင်ရေးအတွက်လည်း ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်နေတယ်လို့ဆိုပါတယ်။ ဓာတ်မြေဩဇာတွေကို ရောင်းချပေးရာမှာ မျိုးစေ့ထုတ်စိုက်ကွက်တွေ၊ စံပြစိုက်ကွက်တွေစိုက်ပျိုးတဲ့ တောင်သူတွေကို ဦးစားပေးဖြန့်ဝေသွားမှာဖြစ်တယ်လို့ ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့်ကပြောပါတယ်။

လက်ရှိမှာ တောင်သူတွေအနေနဲ့ ဓာတ်မြေသြဇာတွေကို ပြင်ပကဝယ်ယူနေရပြီး တစ်အိတ်ကို ငွေကျပ် တစ်သိန်းခွဲအထိ ဈေးမြင့်တက်နေတဲ့အတွက် အများစုက မဝယ်နိုင်ကြဘူးလို့ တောင်သူတွေကပြောပါတယ်။ အခုရောင်းပေးမယ့် ဓာတ်မြေသြဇာတွေက အခြေခံဈေးအဖြစ် တစ်အိတ်ကို ကျပ်သုံးသောင်းနှုန်းသတ်မှတ်ထားပြီး မြို့နယ်အလိုက် သယ်ယူစရိတ်တွေ ကွာခြားသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ စိုက်ပျိုးဧက ၁၂ သိန်းခွဲကျော်ရှိပေမယ့် လုပ်သားရှားပါးမှု၊ စက်သုံးဆီဈေးနှုန်း မြင့်တက်လာမှုတွေနဲ့ ဓာတ်မြေသြဇာဈေးနှုန်း မြင့်တက်လာမှုတွေကြောင့် လယ်ယာလုပ်ငန်းလုပ်ကိုင်သူတွေ တဖြည်းဖြည်း နည်းလာကြပြီလို့ တောင်သူတွေက ပြောပါတယ်။

ဒါ့အပြင် မိုခါမုန်တိုင်းကြောင့် ကျွဲနွားတိရစ္ဆာန်တွေ သေဆုံးခဲ့ရတာ၊ နေအိမ်တွေပျက်စီးသွားကြတာနဲ့ မျိုးစပါးတွေ ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့တဲ့အတွက် အခုနှစ်မှာ မိုးစပါးစိုက်ပျိုးဖို့ အခက်အခဲတွေအများကြီး ရင်ဆိုင်နေကြရတယ်လို့ သိရပါတယ်။

One News Myanmar မှကူးယူဖော်ပြပါသည်။

**Source: https://t.me/htwettoe**

## ထိုင်းနိုင်ငံ အစိုးရသစ်အနေဖြင့် ပို့ကုန်ကဏ္ဍကို ဦးစားပေးဆောင်ရွက်သွားရန် ထိုင်းစက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (Federation of Thai Industries–FTI) က တိုက်တွန်းထား

ထိုင်းနိုင်ငံအနေဖြင့် အစိုးရသစ်အလျင်အမြန်ဖွဲ့စည်းရေးသာမက အာဆီယံနိုင်ငံများသို့ တင်ပို့ခဲ့မှု ကိန်းဂဏန်းများအရ ပို့ကုန်နှေးကွေးနေမှုကို ရင်ဆိုင်ရန်အတွက် မူဝါဒအသစ်များချမှတ်ရန် လိုအပ်ကြောင်း၊ ဈေးကွက်ကြီးမားသော အာဆီယံသို့ တင်ပို့ခဲ့မှုသည် အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံဖြစ်ပြီး ၇.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (Federation of Thai Industries–FTI) က ပြောကြားခဲ့ပါသည်။

အဆိုပါ ကိန်းဂဏန်းသည် ဇန်နဝါရီလမှမေလအတွင်း သင်္ဘောတင်ပို့ခဲ့မှု စာရင်းများအပေါ် အခြေခံထားပါကြောင်း၊ စီးပွားရေးလုပ်ငန်းကဏ္ဍတွင်လည်း လက်ရှိအခြေအနေအပေါ် စိုးရိမ်မှုများရှိနေကြောင်း၊ အစိုးရသစ်အနေဖြင့် ထိုင်းထုတ်ကုန်များအတွက် ခိုင်မာသော အလားအလာရှိသည့်ဈေးကွက်များ ရှာဖွေပေးစေလိုကြောင်း၊ ယင်းအခြေအနေသည် ထုတ်လုပ်မှုကဏ္ဍနှင့် စီးပွားရေးတိုးတက်မှုအပေါ် သိသိသာသာ သက်ရောက်နိုင်ကြောင်း အသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Montri Mahapler–kpong ကပြောကြားခဲ့ပါသည်။

အာဆီယံနိုင်ငံများသို့ တင်ပို့ခဲ့မှုသည် ပို့ကုန်စုစုပေါင်း၏ ၂၄ ရာခိုင်နှုန်း၊ အမေရိကန်သို့ ၁၀ ရာခိုင်နှုန်း၊ ဥရောပသို့ ၁၀ ရာခိုင်နှုန်းနှင့် ဂျပန်သို့ ၁၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အာဆီယံဈေးကွက်သည် ထိုင်းစီးပွားရေးတိုးတက်မှုအတွက် အဓိကဖြစ်သဖြင့် စောင့်ကြည့်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ယခုလအတွင်း အစိုးရသစ်ဖွဲ့စည်းနိုင်မည်ဆိုပါက ပို့ကုန်များနှင့် စီးပွားရေးဆိုင်ရာပြဿနာများကို ဆွေးနွေးလိုကြပြီး ပူးပေါင်းဆောင်ရွက်ရန်နှင့် အကူအညီများရရှိရန် ဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားပါသည်။

နိုင်ငံရေးပြဿနာများကြောင့် စီးပွားရေးအခြေအနေကို မထိခိုက်သင့်ကြောင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုပါ ထိခိုက်လာနိုင်ကြောင်း Mr. Montri က သုံးသပ်ထားပါသည်။

**Source: www.bangkok post. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_040820230957

## မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် ဘဏ်စနစ် စတင်ကျင့်သုံးမည်

နယ်စပ်ကုန်သွယ်မှု၌ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်နေ့ကစတင်၍ ထိုင်းနိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် ဘဏ်စနစ်ဖြင့် ကနဦးအဆင့် ကျင့်သုံးခဲ့ပြီးနောက် တရုတ်နယ်စပ်ကုန်သွယ်ရေးတွင်လည်း ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်နေ့မှ စတင်ကာ ဘဏ်စနစ်ဖြင့် ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး

ဌာနမှ ပို့ကုန်သွင်းကုန်နှင့် သက်ဆိုင်သည့် သတင်းလွှာ (၁၀/၂၀၂၃)ဖြင့် ထုတ်ပြန်အသိပေးထားသည်ဟုဆိုသည်။

“တရုတ်နယ်စပ်ကုန်သွယ်ရေးမှာ ဘဏ်နစ်ကျင့်သုံးမှာဖြစ်တဲ့အတွက် တစ်ဖက်နိုင်ငံက သွင်းကုန်ပစ္စည်းတွေ တင်သွင်းရာမှာ ပို့ကုန်တင်ပို့မှုက ရရှိတဲ့ဝင်ငွေ၊ အခြားဝင်ငွေများနှင့် ပြည်တွင်းဘဏ်မှဖြစ်စေ၊ ဝယ်ယူရရှိထားသော ငွေစာရင်းလက်ကျန် (ယွမ်ငွေ)ကို အသုံးပြုတင်သွင်းခွင့်ပြုမှာဖြစ်လို့ သက်ဆိုင်ရာဘဏ်များကတဆင့် သွင်းကုန်အတွက် ငွေပေးချေရမှာပါ” ဟု ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူကပြောသည်။

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုတွင် ကုန်စည်တင်သွင်းမှုများအတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာ၌ ကုမ္ပဏီများ အနေဖြင့် မိမိဘဏ်စာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှရရှိသောဝင်ငွေ(သို့မဟုတ်) အခြားဝင်ငွေဝင်ရောက်ကြောင်း (သို့မဟုတ်) ပြည်တွင်းဘဏ်မှ ဝယ်ယူထားကြောင်း သက်ဆိုင်ရာဘဏ်မှ ထုတ်ပေးသည့် အထောက်အထားနှင့် ဘဏ်ငွေစာရင်းရှင်းတမ်း မူရင်းတို့ကို ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရန်နှင့် ငွေစာရင်းလက်ကျန်ပမာဏထက် မကျော်လွန်ဘဲ သွင်းကုန် လိုင်စင်ခွင့်ပြုမည်ဖြစ်သည်။ “တင်သွင်းခွင့်ပြုရာမှာ ပို့ကုန်ကနေ ရရှိတဲ့ဝင်ငွေနဲ့ အခြားဝင်ငွေက ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက် နောက်ပိုင်း ဝင်ရောက်တဲ့ငွေကိုပဲ အသုံးပြုခွင့်ရှိပါတယ်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုကနေ အခြားတစ်ခုကို လွှဲပြောင်းဆောင်ရွက်နိုင်တယ်”ဟု ဆက်လက်ပြောကြားသည်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်း ၅ ခုရှိရာ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဇူလိုင်၂၁ ရက်ထိ ကုန်သွယ်မှုပမာဏ (ယာယီ) စာရင်းများအရ ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၆၈၃ ဒသမ ၁၀၄ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၅ ဒသမ ၅၉၉ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၂၈ ဒသမ ၇၀၃ သန်း ကုန်သွယ်မှုရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source: မကွေးဂျာနယ်**

## တစ်လအတွင်း ဆန်၊ ဆီ၊ ကြက်သွန် ဈေးနှုန်းအပြောင်းအလဲများ

၃.၇.၂၀၂၃ မှ ၃.၈.၂၀၂၃ အတွင်း ဈေးနှုန်းကွာခြားချက် ပြီးခဲ့တဲ့ ဇူလိုင် ၃ ရက်နေ့ကနေ ယခု ဩဂုတ် ၃ ရက်နေ့အထိ တစ်လအတွင်း ဆန်၊ ဆီ၊ ကြက်သွန်ဈေးနှုန်းတွေ ဘယ်လောက်ထိ ပြောင်းလဲသွားလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။ “ဒီတစ်လအတွင်းမှာ ဆန်ဈေးနှုန်းတွေကတော့ အနိမ့်ဆုံး ၁၀၀၀ ကျပ်ကနေ အမြင့်ဆုံး ၁၀,၀၀၀ ကျပ်အထိ တက်သွားခဲ့ပါတယ်။ ဈေးကျသွားတာမျိုး ငြိမ်နေတာမျိုးမရှိဘဲ အကုန်လုံးတက်လာခဲ့တာပဲ ဖြစ်ပါတယ်။ ကြက်သွန်နီကတော့ ၅၀ – ၁၀၀ ကျပ် ကွာဟချက်နဲ့အတူ ဈေးတက်လာခဲ့တာဖြစ်ပြီး ကြက်သွန်နီ (ဆိတ်ဖြူလတ်ချော) (ပင်လေး) ကတော့ ကျပ် ၅၀ ဈေးကျ သွားခဲ့တာကိုလည်း တွေ့နိုင်ပါတယ်။ ကြက်သွန်ဖြူကတော့ သိသိသာသာဈေးတက်လာခဲ့ခြင်းမရှိဘဲ ငြိမ်နေဆဲပဲဖြစ်ပါတယ်။ ပဲဆီ/နှမ်းဆီ ဈေးနှုန်းတွေလည်း ကျပ် ၅၀၀ ဝန်းကျင် မြင့်တက်သွားတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဘယ်ဆန်အမျိုးအစား တွေ ဘယ်လောက်ဈေးအပြောင်းအလဲဖြစ်သွားလဲဆိုတာကိုတော့ အောက်ပါဇယားကွက်မှာ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ် –

| စဉ် | အမျိုးအစား | ဈေးကွက် | ရေတွက်ပုံ | ဈေးနှုန်း (ကျပ်) ၃.၇.၂၀၂၃ | ဈေးနှုန်း (ကျပ်) ၃.၈.၂၀၂၃ |
|---|---|---|---|---|---|
| ၁ | ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၈၈၀၀၀ မှ ၉၂၀၀၀ | ၉၃၀၀၀ မှ ၉၅၀၀၀ |
| ၂ | ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၈၈၀၀၀ မှ ၉၀၀၀၀ | ၉၃၀၀၀ မှ ၉၅၀၀၀ |
| ၃ | ဆန်(မြောင်းမြ/ပုသိမ်ပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၈၈၀၀၀ မှ ၉၅၀၀၀ | ၉၇၀၀၀ မှ ၁၀၀၀၀၀ |
| ၄ | ဆန်(ပေါ်ဆန်းနယ်စုံသစ်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၈၅၀၀၀ မှ ၈၈၀၀၀ | ၉၃၀၀၀ မှ ၉၅၀၀၀ |
| ၅ | ဆန်(ဧည့်မထ)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၆၀၀၀၀ မှ ၆၂၅၀၀ | ၆၅၀၀၀ မှ ၆၇၀၀၀ |
| ၆ | ဆန်(ငစိန်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၅၆၀၀၀ မှ ၅၈၀၀၀ | ၆၁၀၀၀ မှ ၆၅၀၀၀ |
| ၈ | ဆန်(ရွှေဘိုပေါ်ဆန်း(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၅၀၀၀ မှ ၁၁၀၀၀၀ | ၁၂၀၀၀၀ မှ ၁၃၀၀၀၀ |
| ၉ | ဆန်(ဧည့်မထ ၂၅%) (သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၅၅၅၀၀ မှ ၅၇၀၀၀ | ၅၈၀၀၀ မှ ၆၀၀၀၀ |
| ၁၀ | ဆန်(ရက် ၉၀ ရှယ်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၇၁၀၀၀ မှ ၇၅၀၀၀ | ၇၄၀၀၀ မှ ၇၈၀၀၀ |
| ၁၁ | ဆန်(သီးထပ်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၆၂၀၀၀ မှ ၆၃၀၀၀ | ၆၅၀၀၀ မှ ၆၆၀၀၀ |
| ၁၂ | ကြာပျံ့ရှယ်(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၈၈၀၀၀ မှ ၉၂၀၀၀ | ၉၇၀၀၀ မှ ၁၀၀၀၀၀ |
| ၁၃ | ပေါ်ဆန်းရှယ်(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၈၅၀၀၀ မှ ၈၈၀၀၀ | ၉၃၀၀၀ မှ ၉၆၀၀၀ |
| ၁၄ | တောင်ပျံ(ဖျာပုံ)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၃၀၀၀ မှ ၉၅၀၀၀ | ၉၅၀၀၀ မှ ၉၈၀၀၀ |
| ၁၅ | ပေါ်ကျွဲ(ဖျာပုံ)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၈၂၀၀၀ မှ ၈၄၀၀၀ | ၈၃၀၀၀ မှ ၈၇၀၀၀ |
| ၁၆ | တောင်ပျံ(မော်ကျွန်း)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၀၀၀၀ မှ ၉၂၀၀၀ | ၉၆၀၀၀ မှ ၉၇၀၀၀ |
| ၁၇ | ပေါ်ကျွဲ(မော်ကျွန်း) (သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၈၀၀၀၀ မှ ၈၃၀၀၀ | ၈၂၀၀၀ မှ ၈၅၀၀၀ |
| ၁၈ | ပဲဆီ | မန္တလေး | ၁ ပိဿာ | ၁၂၅၀၀ မှ ၁၃၅၀၀ | ၁၃၀၀၀ မှ ၁၄၀၀၀ |
| ၁၉ | နှမ်းဆီ | မန္တလေး | ၁ ပိဿာ | ၁၁၅၀၀ မှ ၁၂၀၀၀ | ၁၂၀၀၀ မှ ၁၃၀၀၀ |
| ၂၀ | ကြက်သွန်နီ (ဆိတ်ဖြူရှယ်)(သစ်) (ပင်လေး) | ဘုရင့်နောင် | ၁ ပိဿာ | ၂၁၅၀ | ၂၃၀၀ |
| ၂၁ | ကြက်သွန်နီ (ဆိတ်ဖြူလတ်ကြီး) (ပင်လေး) | ဘုရင့်နောင် | ၁ ပိဿာ | ၂၁၅၀ | ၂၂၅၀ |
| ၂၂ | ကြက်သွန်နီ (ဆိတ်ဖြူလတ်သန့်) (ပင်လေး) | ဘုရင့်နောင် | ၁ ပိဿာ | ၂၁၅၀ | ၂၂၀၀ |
| ၂၃ | ကြက်သွန်နီ(ဆိတ်ဖြူလတ်ချော) (ပင်လေး) | ဘုရင့်နောင် | ၁ ပိဿာ | ၁၈၅၀ | ၁၈၀၀ |
| ၂၄ | ကြက်သွန်ဖြူ(ကြူကုတ်)(ရှယ်) | ဘုရင့်နောင် | ၁ ပိဿာ | ၇၂၀၀ | ၇၁၀၀ မှ ၇၂၀၀ |
| ၂၅ | ကြက်သွန်ဖြူ(အောင်ပန်း ထူး ၂) | ဘုရင့်နောင် | ၁ ပိဿာ | ၇၂၀၀ | ၇၂၀၀ |
| ၂၆ | ကြက်သွန်ဖြူ(အောင်ပန်း ထူး ၃) | ဘုရင့်နောင် | ၁ ပိဿာ | ၇၇၀၀ | ၇၇၀၀ |
| ၂၇ | ကြက်သွန်ဖြူ(အောင်ပန်း ထူး ၄) | ဘုရင့်နောင် | ၁ ပိဿာ | ၈၂၀၀ | ၈၂၀၀ |
| ၂၈ | ကြက်သွန်ဖြူ (အောင်ပန်း ထူး ၅) | ဘုရင့်နောင် | ၁ ပိဿာ | ၈၇၀၀ | ၈၇၀၀ |

အခုလိုမျိုး ဆန်ဈေးနှုန်းတွေတက်နေတာနဲ့ပတ်သက်ပြီး တည်ငြိမ်စေဖို့အတွက် ဆန်အရန်အိတ် ၅၀,၀၀၀ ကို ထုတ်ရောင်းပေးသွားပါမယ်။ ဒါ့ကြောင့် စားသုံးသူများအနေနဲ့ ဆန်များကို စိုးရိမ်စိတ်ဖြင့် ဝယ်ယူစုဆောင်းခြင်းမပြုလုပ်ကြဖို့နဲ့ လိုအပ်မှသာ ဝယ်ယူကြစေလိုကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဇူလိုင်လ ၂၈ ရက်နေ့မှာ မေတ္တာရပ်ခံခဲ့ပြီး ဩဂုတ်လ ၂ ရက်နေ့မှာ အကောင်အထည်ဖော်ဖို့ အစည်းအဝေး ကျင်းပခဲ့ပါတယ်။

အစည်းအဝေးပွဲမှာတော့ “၂၅%အဆင့် (Well Milled, Polished & Sortexed) ဧည့်မထဆန်များကို တစ်အိတ်လျှင် (၆၀,၀၀၀) ကျပ်နှုန်းထက် မပိုသောဈေးနှုန်းဖြင့် ဆန်အိတ်ရေ ၅၀,၀၀၀ အိတ် ကနဦးစတင်ရောင်းချရန် စီစဉ်သွားမည်ဖြစ်ကြောင်း” ဆွေးနွေးဆုံးဖြတ်ခဲ့ကြတယ်လို့လည်း သိရပါတယ်။

**Source: (AMIA)**

https://greenwaymyanmar.com/posts/rice_onion_oil_market_price_during_july_2023

## ပန်းတနော်မြို့နယ်၌ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ အထိ ဈေးကောင်းရရှိနေ

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ အထိ ဈေးကောင်းရရှိနေကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်ဝင်းဝင်းမော်၏ ပြောဆိုချက်အရသိရသည်။

ပန်းတနော်မြို့နယ်၌ ပြီးခဲ့သည့်မေလ နှင့် ဇွန်လအတွင်းက ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ သာဈေးရှိပြီး ဇူလိုင် ပထမပတ်မှ လက်ရှိအချိန်ထိ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ အထိ ဈေးရရှိလာကြောင်း၊ ထိုသို့ ဈေးကောင်းရရှိလာခြင်း သည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံများထံ ငါးကြင်းအဝင်နည်းပြီး ရန်ကုန်မြို့မှ အဝယ်လိုက်လာ ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းဈေး ကောင်းလာပါတယ်။ ဒေသတွင်းမှာ ငါးကြင်းအဝင်နည်းနေတာရယ်၊ ရန်ကုန်ဘက်က ဒေသထွက် ငါးကြင်းတွေ အဝယ်လိုက်နေတာရယ်ကြောင့် ဈေးကောင်းရရှိလာတာပါ။ ပြီးခဲ့တဲ့ မေလနဲ့ဇွန်လအတွင်းက အခုလောက်ဈေး ကောင်းမရခဲ့ဘူး။ ဇူလိုင်ပထမပတ်ကစတင်ပြီး ဈေးကောင်းရရှိလာတာပါ။ ဒါ့ပြင် တခြားငါးတွေလည်း ဈေးကောင်းရလာ ပါတယ်" ဟု ဒေါ်ဝင်းဝင်းမော်က ပြောသည်။

ပန်းတနော်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသ ဈေးကွက်အပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် တခြားဒေသများသို့ ဆက်လက် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/43970

## Pre-Order စနစ်ဖြင့် ရောင်းချခွင့်မပြုဟု အစိုးရက ထုတ်ပြန်အပြီးတွင် EV မော်တော်ယာဉ်ရောင်းချသည့် ကုမ္ပဏီအချို့ Booking စနစ်သို့ ပြောင်းလဲပြုလုပ်နေ



Pre-order စနစ်ဖြင့် ရောင်းချခွင့်မပြုဟု အစိုးရက ထုတ်ပြန် အပြီးတွင် EV မော်တော်ယာဉ်ရောင်းချသည့် ကုမ္ပဏီအချို့ Booking စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း လျှပ်စစ်မော်တော် ယာဉ်ဝယ်ယူရန် သွားရောက်စုံစမ်းခဲ့သူအချို့က ပြောကြားသည်။

"Booking ကြေး သိန်း ၅၀ သွင်းရမယ်ပြောတယ်။ pre-order နဲ့ ရောင်းခွင့်မရှိဘူးလေပြောတော့ Booking ကြေးလို့ပြောတယ်"ဟု လျှပ်စစ်မော်တော်ယာဉ်ဝယ်ယူရန် သွားရောက်စုံစမ်းခဲ့သူတစ်ဦးက ပြောကြားသည်။

မော်တော်ယာဉ်ကို Booking ကြေးသွင်းပြီးသော်လည်း မော်တော်ယာဉ်တန်ဖိုးကို ပြောကြားခြင်း မရှိသေးကြောင်း၊ မော်တော်ယာဉ်ရောက်ရှိခါနီး တစ်လကျော်အကြာမှ ကားတန်ဖိုးကို ပြောကြားပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

လျှပ်စစ်သုံးယာဉ်များကို အမြတ်ရာခိုင်နှုန်း ၂၀ ထက် ပိုမိုရောင်းချခြင်းမပြုရန်နှင့် pre-order ဖြင့် ကြိုတင်ရောင်းချခြင်း မပြုရန် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှု မြှင့်တင်ရေး လုပ်ငန်းကော်မတီက ထုတ်ပြန်ထားသည်။ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းသည့်ကုမ္ပဏီများအနေဖြင့် လျှပ်စစ်သုံးယာဉ်များကို လူမှုကွန်ရက်များတွင်လည်းကောင်း၊ showroom များတွင်လည်းကောင်း pre-order ဖြင့် ရောင်းချ နေကြောင်းသိရသည်။

၂၀၂၃ ခုနှစ် ဧပြီနှင့်ဇွန်လများ၌ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းသည့်ကုမ္ပဏီများနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးများတွင် လျှပ်စစ်သုံးယာဉ်များ ပြန်လည်ရောင်းချရာတွင် CIF တန်ဖိုးအပေါ် အမြတ်ရာခိုင်နှုန်း ၂၀ ထက် ပိုမို ရောင်းချခြင်းမပြုရန်၊ လူမှုကွန်ရက်တွင် ကြော်ငြာရောင်းချခြင်းမပြုရန်၊ မော်တော်ယာဉ်ရောက်ရှိခြင်းမရှိဘဲ pre-order ဖြင့် ကြိုတင်ရောင်းချခြင်းမပြုရန် အသိပေးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ အထက်အပိုဒ် ၂ ပါ တားမြစ်ချက်များအပေါ်

လိုက်နာဆောင်ရွက်ခြင်းမရှိပါက စီမံခန့်ခွဲမှုနည်းလမ်းအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်း၊ စားသုံးသူရေးရာဥပဒေအရ အရေးယူခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင် ထုတ်လုပ်မှုမြှင့်တင်ရေး လုပ်ငန်းကော်မတီက ထုတ်ပြန်ထားသည်။

လျှပ်စစ်ကား (EV) များနှင့် အားသွင်းစက် (charger) များ ဝယ်ယူအသုံးပြုရာတွင် စိတ်ကျေနပ်မှုမရှိခြင်းနှင့် နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားရန် စားသုံးသူရေးရာဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**Source:** https://news-eleven.com/article/251633

## မြန်မာနိုင်ငံရှိ E-COMMERCE လုပ်ငန်းများ၊ ONLINE ဖြင့် ဆောင်ရွက်လျက်ရှိသည့် SME/MSMES လုပ်ငန်းများ ASEAN ONLINE SALE DAY (AOSD-2023) တွင် ပါဝင်နိုင်ရေး ဖိတ်ခေါ်ခြင်း

အာဆီယံနိုင်ငံများအချင်းချင်း e-Commerce ဖွံ့ဖြိုးတိုးတက်မှု ပိုမိုတိုးတက်စေရန်အတွက် အာဆီယံအွန်လိုင်းအရောင်းအဝယ်နေ့(ASEAN ONLINE SALE DAY-AOSD) အား ၂၀၂၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ရာ ယခုအခါ (၄) နှစ်မြောက်နေ့အဖြစ် ၂၀၂၃ ခုနှစ်အတွက် (၈-၈-၂၀၂၃) ရက်နေ့မှ (၂၂-၈-၂၀၂၃) နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ Online Sales လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လေ့လာရန် URL လုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လေ့လာရန် URL မှာ URL - http://onlineasean.com ဖြစ်ပါသည်။

AOSD ကျင်းပရခြင်းမှာ ဒေသတွင်းရှိ နယ်စပ်ဖြတ်ကျော် e-Commerce ကို အားပေးကူညီရန်၊ e-Commerce တွင် စားသုံးသူယုံကြည်မှု ပိုမိုတိုးတက်လာစေရန်၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အား တစ်ခုဖြစ်သော e-Commerce ၏ အခန်းကဏ္ဍကို ပိုမိုအားဖြည့်ပေးရန်နှင့် အာဆီယံနိုင်ငံများ၏ e-Commerce စီးပွားရေးလုပ်ငန်းများ SME/MSMEs နှင့် စားသုံးသူများအတွက် အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

သို့ပါ၍ AOSD 2023 တွင် အခြား ASEAN နိုင်ငံများနည်းတူ မြန်မာနိုင်ငံမှ တားမြစ်ကန့်သတ်ထားခြင်းမရှိသော ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများကို e-Commerce လုပ်ငန်းများ၊ Online ဖြင့်ဆောင်ရွက်လျက်ရှိသည့် SME/ MSMEs များမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပူးတွဲပါပုံစံတွင်ဖြည့်စွက်၍ dotictapp@gmail.com သို့ ပေးပို့နိုင်ပါရန်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၀၆၇-၄၀၈၆၇၀/၀၆၇-၄၀၈၄၈၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC% E1%80%80%E1%80%BA%E1%80% 86% E1%80%AF%E1%80%B6%E1%80%B8%E1%80%

## STOCK EXCHANGE (4.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,655 (Shares) | 37,868,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,600 | 8,600 | 8,500 | 727 | 6,189,100 | 33,109,694 | 284,743 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,900 | 2,950 | 2,900 | 3,969 | 11,510,250 | 38,929,150 | 114,841 |
| MCB | 00003 | 7,500 | +200 | +2.74% | 7,300 | 7,500 | 7,300 | 317 | 2,314,300 | 10,400,986 | 78,007 |
| FPB | 00004 | 1,600 | +50 | +3.23% | 1,550 | 1,600 | 1,550 | 247 | 390,500 | 29,664,613 | 47,463 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,400 | +100 | +4.35% | 2,300 | 2,400 | 2,300 | 3,175 | 7,305,000 | 19,977,223 | 47,945 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 80 | 392,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,950 | 1,950 | 1,900 | 5,140 | 9,767,250 | 23,804,946 | 45,229 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 4th Aug. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.02 | +4.71 | +1.29% | 367.67 | 371.02 | 365.28 | 13,655 | 37,868,400 | 8 | 699,801 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 4th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 13,655 (Shares) | 37,868,400 (MMK) |

## Main Board

As of 1:00 pm, 4th Aug. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,655 (Shares) | 37,868,400 (MMK) |

| MYANPIX | 371.02 ▲ 4.71 |
|---|---|
| Total Volume (shares) | 13,655 |
| Total Value (MMK) | 38 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,801 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 200 |
| FPB | 00004 | 1,600 | ▲ 50 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,400 | ▲ 100 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 0 |